ဇန္နဝါရီ (၁၁)

## ဘုရားသခင်၏ အလိုတော်ကိုရှာဖွေရန် အကောင်းဆုံးသော နည်းလမ်းက သူ့အား "ကျွန်ုပ်လုပ်ပါမည်" ဟုပြောရန်သာ။

**ဘု**ရားရှင်က သင့်အားရွေးချယ်ခွင့် ပေးကောင်းပေးမည်။ သို့သော် မည်သည်က အကောင်းဆုံးဖြစ်ကြောင်းကို သူကသာလျှင် သိသည်။ ထို့ကြောင့် ထိုအရာက မည်သည့်အရာဖြစ်ကြောင်း သူ့အားသင်မေးကြည့်လျှင် ပို၍ကောင်းသည်။ ဘုရားသခင်၏ အကောင်းဆုံးကို မိမိတို့ မည်သို့ရှာဖွေကြမည်နည်း? ကျမ်းစာလာသည်က သင့်အနေနှင့် မိမိ၏ဘဝ မိမိ၏ခံစားစိတ် မိမိဆန္ဒအလိုတို့ကို အညံ့ခံရန် လိုအပ်ပြီး လောကကြီး၏ဆန္ဒ အလိုကို မလိုက်လျောဖို့ဖြစ်သည်။

"ညီအစ်ကိုတို့ အသက်ရှင်ခြင်းလက္ခဏာ သန့်ရှင်းခြင်းလက္ခဏာ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည်ပူဇော်၍ မိမိခန္ဓာကို ဘုရားသခင်အားဆက်ကပ်ခြင်းတည်းဟူသောသင့်တို့ပြုအပ်သောဝတ်ကိုပြုမည်အကြောင်း ဘုရားသခင်၏ ဂရုဏာတော်ကို ထောက်ထား၍သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီပုံသဏ္ဌာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ နှစ်သက်ဘွယ်သောအရာ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသော အရာသည် အဘယ်အရာဖြစ်သည်ကို သင်သိနိုင်မည်အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဌာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။ (ရောမ ၁၂း၁–၂)

မိမိတို့ဦးဆောင်ပြီး လမ်းပြဘို့ရာ ဘုရားသခင်အား တောင်းခံပါ။ သူ၏သမ္မာတရားကို လက်ခံနှလုံးသွင်းရန် မိမိစိတ်နှလုံးကို ဖွင့်ပေးဖို့ သူ့အားတောင်းခံပါ။ ထိုအရာကို နားလည်ပြီး လိုက်လျှောက်နိုင်ရန် မိမိကို မစဖို့သူ့အား တောင်းခံပါ။ သူ၏အလိုတော်ကမည်သို့ပင်ဖြစ်စေကာမူ အလိုတော်ကိုလိုက်လျော အညံ့ခံဖို့လိုလိုလားလားရှိပါ။ ထိုအခါ သင်သည် တွေ့ရှိလာမည်။ သိရှိလာမည်။ အဘယ်ကြောင့်ဆိုသော် သင်သည်ဘုရားသခင်က သင့်အားဖွင့်လှစ်ပြသနိုင်သော အခြေအနေသို့ရောက်ရှိနေခဲ့ပြီး ဖြစ်သောကြောင့်ပင်။ သင်သည် သူ၏ သားသမီးဖြစ်ပြီး သူ့အားရွေးချယ်မှုကို ပြုခိုင်းနေလျှင် ဘုရားသခင်သည် သင့်အတွက်ဘာကိုရွေးချယ်ပေးမည်နည်း? သင့်အတွက် အကောင်းဆုံးဆိုသည့်အရာကို သူကရွေးချယ်ပေလိမ့်မည်။

သူသိသည်၊ သူချစ်သည်၊ သူဂရုစိုက်သည်။
မည်သည့်အရာမှ ဤအမှန်တရားကို မှေးမှိန်အောင်မပြုနိုင်။
ရွေးချယ်ခွင့်ကို သူလက်ဝယ်အပ်နှံသူတိုင်းအတွက်
သူ၏အကောင်းဆုံးကို သူသသည်ပေးမည်။

၁။ စာရေးသူအမည်မသိ